*Press statement: 28.02.2022*

# ICC၏အမှုလိုက်ရှေ့နေ ကာရင်(မ်) အေ အေ ခမ်း ကျူစီသည် ပထမဆုံးဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်ကို အဆုံးသတ်ခဲ့ပြီး ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည်ဟုစွပ်စွဲထားသော ရက်စက်ကြမ်းကြုတ်သည့်ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းများရှေ့ဆက်မည့်ကတိကဝတ်ကို အလေးထားပြောကြားခဲ့ပါသည်။



၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ တနင်္ဂနွေနေ့တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(‘ICC’ သို့မဟုတ် ‘တရားရုံး’)၏အမှုလိုက်ရှေ့နေ မစ္စတာ ကာရင်(မ်) အေ အေ ခမ်း ကျူစီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒါကာနှင့် ကော့စ်ဘဇားသို့သွားရောက်သည့် ၅ရက်ကြာခရီးစဉ်ကို အဆုံးသတ်ခဲ့ပါသည်။ ဤခရီးစဉ်သည် တရားရုံးမှအမှုလိုက်ရှေ့နေ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်ခဲ့သည့်ပထမဆုံးခရီးစဉ်ဖြစ်သည်။

မြန်မာနိုင်ငံမှရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည်ဟုစွပ်စွဲထားသော တရားရုံး၏တရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့်ရာဇဝတ်မှုများကို မိမိ၏ရုံးမှစုံစမ်းစစ်ဆေးခြင်းများသည် မိမိတာဝန်သက်တမ်းအတွင်း၌ ဦးစားပေးဖြစ်သည်ဟု အမှုလိုက်ရှေ့နေခမ်းမှခရီးစဉ်အတွင်း အလေးအနက်ပြောကြားခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အရင်းအမြစ်များထပ်မံခွဲဝေချထားပေးပြီးဖြစ်ပြီး ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုရှိခဲ့သည့် သက်သေအထောက်အထားများစုဆောင်းခြင်းနှင့် စိစစ်ခြင်းတို့ကို အရှိန်မြှင့်တင်နိုင်ရန်

ကြိုးပမ်းနေကြောင်းကို အမှုလိုက်ရှေ့နေခမ်းမှ ပါဝင်ပတ်သက်သူများအားလုံးအား အတည်ပြုပြောကြားခဲ့ပါသည်။

ကော့စ်ဘဇားရှိ ကူတူပလောင်ဒုက္ခသည်စခန်းသို့သွားရောက်စဉ်၌ အမှုလိုက်ရှေ့နေခမ်းသည် ထိုအကြောင်းအရာကို အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်နစ်နာခဲ့သောလူ့အသိုင်းအဝန်းများကို တိုက်ရိုက်ပြောကြားခဲ့ပါသည်။ ကူတူပလောင်ဒုက္ခသည်စခန်းသည် မြန်မာနိုင်ငံရှိအကြမ်းဖက်မှုများမှ ထွက်ပြေးတိမ်းရှောင်လာသော ရိုဟင်ဂျာလူ့အဖွဲ့အစည်း၏ သိန်းနှင့်ချီသောအဖွဲ့ဝင်များ နေထိုင်ရာအရပ် ဖြစ်သည်။ အမှုလိုက်ရှေ့နေခမ်းသည် ရိုဟင်ဂျာအမျိုးသမီးများနှင့် လူငယ်တက်ကြွလှုပ်ရှားသူများတို့နှင့် တွေ့ဆုံခြင်းများတွင် ၎င်းတို့အားစုံစမ်းစစ်ဆေးခြင်း၌ပါဝင်ကူညီလာအောင် မိမိ၏ရုံးမှနောက်ထပ်မည်သို့ စွမ်းရည်မြှင့်တင်ပံ့ပိုးပေးနိုင်မည်ကို ဆွေးနွေးခဲ့ကြပါသည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြု အကြမ်းဖက်မှုများ၏နစ်နာသူများက ရုံး၏လက်ရှိဆောင်ရွက်နေသောစုံစမ်းစစ်ဆေးမှုများနှင့် ဆက်စပ်သည့် ၎င်းတို့၏ဖြစ်စဉ်များကိုထွက်ဆိုရန်အတွက် ရိုဟင်ဂျာခေါင်းဆောင်များမှကူညီပံ့ပိုးနိုင်မည့်နည်းလမ်းများကို နယ်ခံအီမန်များနှင့် အခြားဘာသာရေးခေါင်းဆောင်များတို့နှင့်တွေ့ဆုံခြင်း၌ ဆွေးနွေးပြောကြားခဲ့ပါသည်။

'တရားမျှတမှုရဲ့အခြေခံအုတ်မြစ်တွေတည်ဆောက်ရေးအတွက် သင်တို့နဲ့အတူတူလုပ်ကိုင်ဆောင်ရွက်ဖို့ ကျွန်ုပ်တို့ရှိနေပါတယ်။ တာဝန်ခံမှုကိုဦးတည်တဲ့လမ်းကြောင်းဟာ ရိုးရှင်းတဲ့လမ်းကြောင်းတော့ မဟုတ်နိုင်ပါဘူး။ ဒါပေမယ့် အဲ့ဒါဟာ ကျွန်ုပ်တို့တွေအတူတကွ မိတ်ဖက်အနေနဲ့လက်တွဲလုပ်ဆောင်မှသာ ရောက်ရှိနိုင်မယ့်ပန်းတိုင် ဖြစ်ပါတယ်။' ဟုအမှုလိုက်ရှေ့နေမှ ပြောကြားခဲ့ပါသည်။

ခရီးစဉ်အတွင်းတွင် အမှုလိုက်ရှေ့နေခမ်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအရာရှိများနှင့် အကျိုးရှိသောအစည်းအဝေးအများအပြားပြုလုပ်နိုင်ခဲ့ပြီး ဒါကာမြို့၌ သံတမန်များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများမှကိုယ်စားလှယ်များတို့နှင့်လည်း တွေ့ဆုံခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာစီနာ၊ ဥပဒေရေး၊ တရားရေးနှင့် လွှတ်တော်ရေးရာဝန်ကြီး မစ္စတာ အနီဆူလ် ဟတ်က်၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်(ဘ်)ဒူလ် မိုမမ်၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မာစွတ် ဘင် မိုမမ်နှင့် ရေကြောင်းဆိုင်ရာအတွင်းဝန် ဗိုလ်ချုပ်(အငြိမ်းစား) ကာရှက်ဒ် အလမ်တို့နှင့် အစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၌ မြန်မာနိုင်ငံမှထွက်ပြေးလာကြသောရိုဟင်ဂျာများကို ခိုလှုံနေထိုင်ရာပေးရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရေးကြီးသောနေရာမှပါဝင်ခဲ့ခြင်းကို အမှုလိုက်ရှေ့နေမှ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အသိအမှတ်ပြုခဲ့ပါသည်။ 'အဲဒီဆုံးဖြတ်ချက်ဟာ စစ်မှန်တဲ့စာနာမှုနဲ့ သတ္တိတွေကို ကိုယ်စားပြုတဲ့အခိုက်အတံ့ပဲဖြစ်ပါတယ်။ ဒါ့အပြင် ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေရဲ့ သက်ရောက်မှုကို ဘင်္ဂလားဒေ့ရှ်လူမျိုးတွေဟာ မိမိတို့ကိုယ်ပိုင်အတွေ့အကြုံတွေကိုအခြေခံပြီး သိရှိနားလည်နေတာကိုလည်း

ပြသနေပါတယ်။ အခုလိုသတ္တိရှိလှတဲ့စည်းလုံးညီညွတ်မှုဟာ ရိုဟင်ဂျာအသိုင်းအဝန်းတရားမျှတမှုရရှိစေရေး အတွက်ကျွန်ုပ်တို့လုပ်ဆောင်မှုများအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးတဲ့အထောက်အပံ့တွေမှာ ဆက်လက်ထင်ဟပ်နေပါတယ်။’ ဟုအမှုလိုက်ရှေ့နေမှ ပြောကြားခဲ့ပါသည်။

အမှုလိုက်ရှေ့နေသည် ၎င်း၏ခရီးစဉ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံအာဏာပိုင်များမှပံ့ပိုးပေးခဲ့သည့်အတွက် အမှန်ပင်ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ကော့စ်ဘဇားရှိ အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်နစ်နာခဲ့သည့်လူ့အသိုင်းအဝန်းများတို့နှင့် ၎င်းတိုက်ရိုက်တွေ့ဆုံထိတွေ့ခြင်းကို ကူညီထောက်ပံ့ခဲ့သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂမိတ်ဖက်များကိုလည်း ကျေးဇူးတင်ခဲ့ပါသည်။

အမှုလိုက်ရှေ့နေသည် သူ၏ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာလုပ်ငန်းဆောင်တာများအဆုံး၌ ဒါကာတွင် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး တက်ရောက်ခဲ့သောပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် အမှုလိုက်ရှေ့နေသည် ယခုစုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်သည့် သူ၏ရုံးမှလုပ်ဆောင်ချက်များကိုဆက်လက်ထောက်ပံ့ပြီး ရှေ့ဆက်တိုးတက်ရန်အတွက် နောက်ထပ်ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်များပြုလုပ်လိုသည့်ရည်ရွယ်ချက် ကိုလည်း ကြေညာခဲ့ပါသည်။






- *တနင်္ဂနွေနေ့သတင်းစာရှင်းလင်းပွဲမှ အမှုလိုက်ရှေ့နေ၏အဖွင့်အမှာစကားကို နားထောင်ရန်။*
  အသံ | [နှိပ်ရန်]

အမှုလိုက်ရှေ့နေသည် သူ၏ခရီးစဉ်အဆုံး၌ အောက်ပါအမှာစကားပြောကြားခဲ့ပါသည်။

'ယခုခရီးစဉ်မှာ ဘင်္ဂလားဒေ့ရှ်လူမျိုးများနှင့် ရိုဟင်ဂျာအသိုင်းဝန်းတို့ရဲ့ ကျွန်ုပ်အပေါ် ရက်ရောမှုနဲ့ ထောက်ပံ့ကူညီမှုတွေကို အထူးကျေးဇူးတင်ပါတယ်။ ကော့စ်ဘဇားက အသက်ရှင်ကျန်ရစ်သူများကို ကျွန်ုပ်ပြောခဲ့သလိုပါပဲ။ သင်တို့အတွက်တာဝန်ထမ်းဆောင်ပြီး တရားမျှတမှုရရှိရေးကူညီပေးဖို့ ကျွန်ုပ်တို့ရှိနေပါတယ်။ ယခုစုံစမ်းစစ်ဆေးမှုနဲ့ပတ်သက်တဲ့ကျွန်ုပ်ရုံးရဲ့ အားသစ်မာန်သစ်အာရုံစိုက်မှုရယ်၊ အသက်ရှင်ကျန်ရစ်သူများနဲ့ ပြည်တွင်းပါဝင်ဆောင်ရွက်သူများတို့နဲ့ ကျွန်ုပ်တို့ကြားတည်ဆောက်ခဲ့တဲ့ ပိုမိုခိုင်မာတဲ့မိတ်ဖက်ဖြစ်တည်မှုများရယ်ပေါင်းစပ်လိုက်တဲ့အခါ မြန်ဆန်တဲ့လုပ်ဆောင်ချက်အဆင့်ကို တက်လှမ်းနိုင်မယ်လို့ ကျွန်ုပ်ယုံကြည်ပြီးပြန်သွားမှာဖြစ်ပါတယ်။ ဒါတွေဟာ နောက်ဆုံးမှာတော့ ရိုဟင်ဂျာအသိုင်းအဝန်းအပေါ်ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုများအတွက် တာဝန်ရှိနိုင်တဲ့သူတွေကို တရားဥပဒေနဲ့အညီတာဝန်ခံခိုင်းနိုင်မယ်ဆိုတာ ကျွန်ုပ်ရဲ့မျှော်လင့်ချက်နဲ့ မျှော်မှန်းချက်ပဲဖြစ်ပါတယ်။'

**နောက်ခံအကြောင်းအရာ**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ICCမှတရားသူကြီးများသည် ယခင်အမှုလိုက်ရှေ့နေ ဘင်ဆူဒါ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံအခြေအနေမှ ICC၏တရားစီရင်ပိုင်ခွင့်အတွင်းရှိ စွပ်စွဲထားသောရာဇဝတ်မှုများကို အလုံးစုံ စုံစမ်းစစ်ဆေးခြင်းစတင်ရန် တောင်းဆိုချက်ကို ခွင့်ပြုခဲ့ပါသည်။ (စုံစမ်းစစ်ဆေးခြင်းကိုပြုလုပ်ရန်တရားသူကြီးများ၏ခွင့်ပြုချက်ရရှိပြီးနောက် သူမ၏ထုတ်ပြန်ချက်ကို ဖတ်ရှုရန် ဤနေရာတွင်နှိပ်ပါ။)

အမှုလိုက်ရှေ့နေသည် ICC၏တရားစီရင်ပိုင်ခွင့်အတွင်းရှိမည်သည့်ရာဇဝတ်မှုမျိုးကိုမဆိုနှင့် အနည်းဆုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံ (သို့မဟုတ် မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို သို့မဟုတ် ICC၏တရားစီရင်ပိုင်ခွင့်ကို တရားဝင်လက်ခံထားသောနိုင်ငံ)၏ပိုင်နက်ပေါ်တွင် တစိတ်တဒေသကျူးလွန်ထားသော မည်သည့်ရာဇဝတ်မှုမျိုးမဆိုတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံအခြေအနေနှင့်လုံလောက်စွာ ဆက်စပ်နေသ၍ ပြစ်မှုကျူးလွန်သူ၏နိုင်ငံသားဖြစ်တည်မှုနှင့်မသက်ဆိုင်ဘဲ စုံစမ်းစစ်ဆေးနိုင်သည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးခြင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ရောမဥပဒေစတင်အသက်ဝင်သည့်နေ့ဖြစ်သည့် ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁ရက်နေ့ (သို့မဟုတ် အခြားမည်သည့်သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံအတွက်

ရောမဥပဒေစတင်အသက်ဝင်သည့်နေ့)မှစ၍ ကျူးလွန်ခဲ့သည်ဟုစွပ်စွဲထားသောရာဇဝတ်မှုများပါ ပါဝင်နိုင်ပြီး မည်သည့်အနာဂတ်ရာဇဝတ်မှုမျိုးမဆိုသည်လည်း အခြေအနေနှင့်လုံလောက်စွာဆက်စပ်သ၍ပါဝင်သည်။

အရင်းအမြစ် - အမှုလိုက်ရှေ့နေရုံး | ဆက်သွယ်ရန် - OTPNewsDesk@icc-cpi.int